အသစ်ဖွဲ့စည်းထားသည့် ပြည်သူ့စွမ်းအားရှင်အဖွဲ့ကို ကွန်မန်ဒိုတပ်သား လုပ်မည်

လွတ်လပ်သောမွန်သတင်းအေဂျင်စီ
ဇူလိုင်လ ၆ ရက် ၂၀၀၃

ယခုမွန်ပြည်နယ်တွင် နအဖစစ်အစိုးရတို့မှ အသစ် ဖွဲ့စည်းနေခဲ့သော ပြည်သူ့စွမ်းအားရှင်အဖွဲ့၏ အဖွဲ့ဝင်များကို ကွန်မန်ဒိုတပ်အဖြစ်လည်းကောင်း၊ အရံတပ်မတော်သားအဖြစ်လည်းကောင်း၊ သပိတ်လှန်အဖွဲ့ အဖြစ်လည်းကောင်း၊ ပြည်ပရန်ကာကွယ်ရေးအဖွဲ့အဖြစ်လည်းကောင်း သုံးပြုမည်ဟု သိရပါသည်။

ပြီးခဲ့သည့် အပတ်ကစပြီး မြို့နယ်များတွင် အခြေစိုက်သည့် ဒေသခံတပ်ရင်းများသည် ပြည်သူ့စွမ်းအားရှင်အဖွဲ့ အတွက် ကျေးရွာပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များကို ခေါ်ပြီး၊ ၎င်းအဖွဲ့ဝင်များကို စစ်သင်တန်းပေးရန် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်ကတည်းက စတင်ဖွဲ့စည်းလှုပ်ရှားနေသော ပြည်သူ့စွမ်းအားရှင်အဖွဲ့ဝင်များကို ပြည်သူများအား အတင်းတက်ခိုင်းနေသော ပြည်ပရန်ကာကွယ်ရေးအဖွဲ့အတွက်ဆိုသည့် စစ်သင်တန်းကဲ့သို့မဟုတ်သော ၂ အပတ်ကြာ စစ်သင်တန်းပေးရန်အတွက် ဆွေးနွေးခဲ့ပါသည်။

၎င်း ၂ ပတ်ကြာ စစ်သင်တန်းတက်ပြီးသော ပြည်သူ့စွမ်းအားရှင်အဖွဲ့ဝင်ခေါ် ပြည်သူ့စစ်အဖွဲ့များနှင့် ကြံ့ဖွံ့အသင်းဝင်များကို အရံတပ်မတော်သားအဖြစ် အဓိကထားသုံးပြုပြီး၊ သပိတ်လှန်အဖွဲ့ဖြစ်လည်းကောင်း၊ ပြည်ပရန်ကာကွယ်ရေးအဖွဲ့ဖြစ်လည်းကောင်း၊ အရံရဲတပ်ဖွဲ့ဝင်များအဖြစ်လည်းကောင်း သုံးပြုမည်လို့ သိရပါသည်။

ထို့အပြင် ၎င်းစစ်သင်တန်းတက်ပြီးသော ပြည်သူ့စွမ်းအားရှင်အဖွဲ့ဝင်များမှ သင်တန်းအဆင့်ဆင့် ဆက်တက်သူများကို ကွန်မန်ဒိုတပ်သားအဖြစ် သုံးပြုမည်လို့သိရပါသည်။

ယခု ၂ ပတ်ကြာ စစ်သင်တန်းတက်ထားပြီးသော မွန်ပြည်နယ်မှ ပြည်သူ့စွမ်းအားရှင် အဖွဲ့ဝင်များခေါ် ပြည်သူ့စစ်များနှင့် ကြံ့ဖွံ့အသင်းသားများကို အထက်မြန်မာပြည်သို့ ပို့ပြီး အထက်မြန်မာပြည်မှ ပြည်သူ့စစ်တွေကို အောက်ဗမာ ပြည်သို့ပို့ရန် စီစဉ်နေသည်ဟု ဒေသခံသင်တန်းသားများက ပြောနေကြပါသည်။ ထိုအထက်သာမက စစ်သင်တန်းတက်ပြီး သူများကိုလည်း စည်းရုံးရေး လုပ်ဆောင်ရသည်ဟု သိရှိရပါသည်။

ပြည်သူ့စွမ်းအားရှင်အဖွဲ့များကဲ့သို့ တဖက်တွင်လည်း နအဖအာဏာပိုင်တွေက တချိန်တည်းမှာပင် သပိတ်လှန်အဖွဲ့နှင့် ပြည်ပရန် ကာကွယ်ရေးအဖွဲ့အတွက် ကျေးရွာတိုက်နယ်တခုကို ဒေသခံလူတစ်ထောင်ကျော်ကို အတင်း စစ်သင်တန်း တက်ခိုင်းနေပါသည်။

ယခုလို အတင်းရက်တိုစစ်သင်တန်းတက်ခိုင်းနေတာကြောင့် စိတ်ဆန္ဒလည်းမပါ၊ စစ်ဘပ်ကိုလည်း အားမပေးသော ဒေသခံပြည်သူများသည် တချို့က ဘုန်ကြီးဝတ်နေကြပြီး၊ တချို့သည် လွတ်ရာသို့ထွက်ပြေးနေကြပါသည်။